ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့

ညွှန်ကြားချက်အမှတ်( ၉ /၂၀၂၀)

၁၃၈၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်၊

၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၅ ရက်

## အာမခံကိုယ်စားလှယ်သင်တန်းကျောင်း တည်ထောင်ခြင်းဆိုင်ရာညွှန်ကြားချက်

အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့သည် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေ ၃၈ ပုဒ်မခွဲ(ခ) အရ အပ်နှင်းထားသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အာမခံကိုယ်စားလှယ်သင်တန်းကျောင်း တည်ထောင်ခြင်းဆိုင်ရာ ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

၁။ အာမခံကုမ္ပဏီများ၏ ဌာနတွင်း အာမခံကိုယ်စားလှယ် လေ့ကျင့်ရေးစင်တာ (In-house Agent Training Center) ကို ဌာနတွင်းအာမခံကိုယ်စားလှယ်သင်တန်းကျောင်းအဖြစ် မှတ်ယူရမည်။

### တည်ထောင်ဖွင့်လှစ်ခြင်းဆိုင်ရာ စံနှုန်းသတ်မှတ်ချက်များ

၂။ အာမခံကိုယ်စားလှယ် သင်တန်းကျောင်း တည်ထောင်ဖွင့်လှစ်ရန် လျှောက်ထားရာတွင် အောက်ဖော်ပြပါသတ်မှတ်ချက်များအတိုင်း ဆောင်ရွက်ရမည်-

(က) ငွေရေးကြေးရေးလုပ်ငန်း သို့မဟုတ် အာမခံလုပ်ငန်းတို့အတွက် လေ့ကျင့်သင်ကြားခြင်း အတွေ့အကြုံ အနည်းဆုံး ၃ နှစ်ရှိသည့် လေ့ကျင့်သင်ကြားရေး အဖွဲ့အစည်းသည် အာမခံသင်တန်းကျောင်း တည်ထောင်ရန် လျှောက်ထားခွင့်ရှိသည်။ သို့ရာတွင် အာမခံကုမ္ပဏီများ၏ ဌာနတွင်းအာမခံကိုယ်စားလှယ် လေ့ကျင့်ရေးစင်တာများသည် သီးခြားအာမခံကိုယ်စားလှယ် သင်တန်းကျောင်းအဖြစ် လျှောက်ထားခွင့် မရှိစေရ။

(ခ) အာမခံကိုယ်စားလှယ် သင်တန်းကျောင်းတည်ထောင်ရန် လျှောက်ထားသူသည် မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေအရ မှတ်ပုံတင်ထားသည့် ကုမ္ပဏီ သို့မဟုတ် အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေအရ မှတ်ပုံတင်ထားသော အာမခံ ပညာရေး ဝန်ဆောင်မှု အဖွဲ့အစည်း ဖြစ်ရမည်။ သို့ရာတွင် အာမခံကုမ္ပဏီများသည် ဌာနတွင်း အာမခံကိုယ်စားလှယ် လေ့ကျင့်ရေးစင်တာများအဖြစ် လျှောက်ထားရာတွင် အထက်ဖော်ပြပါကုမ္ပဏီအဖြစ်လည်းကောင်း၊ အသင်းအဖွဲ့အဖြစ်လည်းကောင်း မှတ်ပုံတင်ခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) အာမခံကိုယ်စားလှယ်သင်တန်းကျောင်း သို့မဟုတ် ဌာနတွင်း အာမခံကိုယ်စားလှယ် လေ့ကျင့်ရေးစင်တာ ဖွင့်လှစ်ခွင့်ပြုရန် လျှောက်ထားသူသည် အချက်အလက်များ အသေးစိတ်ပါရှိသည့် **နောက်ဆက်တွဲ (က)** ပါ သတ်မှတ်ပုံစံဖြင့် ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည်။

(ဃ) သက်တမ်းတိုးမြှင့်လိုသည့် အာမခံကိုယ်စားလှယ် သင်တန်းကျောင်း သို့မဟုတ် ဌာနတွင်း အာမခံကိုယ်စားလှယ် လေ့ကျင့်ရေးစင်တာသည် **နောက်ဆက်တွဲ (ခ)** ပါ သတ်မှတ်လျှောက်လွှာပုံစံဖြင့် သက်တမ်းမကုန်မီ ၃ လ ကြိုတင်၍ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည်။

(င) အာမခံကိုယ်စားလှယ်သင်တန်းကျောင်း သို့မဟုတ် ဌာနတွင်း အာမခံကိုယ်စားလှယ် လေ့ကျင့်ရေးစင်တာသည် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့က သတ်မှတ်ထားသည့် လျှောက်လွှာကြေး၊ လိုင်စင်ကြေးနှင့် သက်တမ်းတိုးမြှင့်ကြေးများကို ပေးသွင်းရမည်။

၃။ မြန်မာနိုင်ငံ အာမခံလုပ်ငန်းကဏ္ဍ၏ လိုအပ်ချက်အပေါ် မူတည်၍ အာမခံကိုယ်စားလှယ် သင်တန်းကျောင်း အရေအတွက်ကို ကန့်သတ်ခွင့်ပြုမည်ဖြစ်သည်။ အာမခံ လုပ်ငန်းကြီးကြပ်ရေး အဖွဲ့၏ ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံအာမခံအသင်းက ဖွင့်လှစ်လျက်ရှိသော အာမခံသင်တန်းများ သည် အာမခံကိုယ်စားလှယ်သင်တန်းကျောင်းအဖြစ် တည်ထောင်နိုင်ရန် ဤစံနှုန်းသတ်မှတ်ချက် များနှင့်အညီ လျှောက်ထားရမည်။

၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုတည်း၌ အာမခံကိုယ်စားလှယ် သင်တန်း ကျောင်း တစ်ခုထက်ပို၍ ဖွင့်လှစ်ခွင့်ပြုရန် လျှောက်ထားလာပါက အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့မှ လိုအပ် မှုရှိမရှိစိစစ်၍ခွင့်ပြုမည်။ အာမခံကိုယ်စားလှယ် သင်တန်းကျောင်း တည်ထောင်ခွင့်ပြုသည့် သက်တမ်းကာလသည် ၃ နှစ် ဖြစ်ပြီး နောင် ၃ နှစ်အတွက် သက်တမ်းတိုးခြင်းကို ဤညွှန်ကြား ချက်ပါ ပြဋ္ဌာန်းချက်များအား လိုက်နာဆောင်ရွက်မှု ရှိ မရှိ အပေါ် မူတည်၍ ဆုံးဖြတ်မည်။

**အာမခံကိုယ်စားလှယ်သင်တန်းကျောင်း၏ လုပ်ငန်းစဉ်များနှင့် တာဝန်ဝတ္တရားများ**

၅။ အာမခံကိုယ်စားလှယ်သင်တန်းကျောင်းသည် အပိုဒ် ၇ နှင့် ၈ တို့တွင် သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် သင်တန်းကျောင်းအဆောက်အဦ သို့မဟုတ် ရုံးခွဲများတွင်သာ သင်တန်းပေး ခြင်းကို ဆောင်ရွက်ရမည်။

၆။ အာမခံကိုယ်စားလှယ် သင်တန်းကျောင်းများသည် သင်တန်းမှတ်တမ်းမူရင်းကို သင်တန်းဖွင့်လှစ်သည့်နေရာတွင် သိမ်းဆည်းထားရမည်။ အာမခံကိုယ်စားလှယ်သင်တန်းကျောင်းများသည် နယ်မြေအသီးသီးတွင် သင်တန်းဖွင့်လှစ်ပါက သင်တန်းပေးခြင်း မှတ်တမ်းများ၏ မိတ္တူများကို ယင်းသင်တန်းကျောင်းများ၏ ရုံးချုပ်တွင် သိမ်းဆည်းထားရမည်ဖြစ်ပြီး မူရင်းမှတ်တမ်းကို သက်ဆိုင်ရာသင်တန်းပေးသည့် နယ်မြေတွင် သိမ်းဆည်းထားရမည်။

## သင်တန်းကျောင်းအဆောက်အဦသတ်မှတ်ချက်

၇။ အာမခံကိုယ်စားလှယ်သင်တန်းကျောင်း သို့မဟုတ် အာမခံကုမ္ပဏီများ၏ ဌာနတွင်း အာမခံကိုယ်စားလှယ် လေ့ကျင့်ရေးစင်တာတွင် အနည်းဆုံး ၂၅၀၀ စတုရန်းပေရှိ စာသင်ခန်းတစ်ခန်း ပါဝင်ရမည့်အပြင် စာသင်ခန်းအတွင်း သင်တန်းသားများအတွက် လုံလောက်သော နေရာထိုင်ခင်းများ စီစဉ်ထားရှိရမည်။

၈။ မည်သည့် အာမခံကိုယ်စားလှယ် သင်တန်းကျောင်း (သို့မဟုတ်) ဌာနတွင်း အာမခံကိုယ်စားလှယ်လေ့ကျင့်ရေးစင်တာမဆို သင်တန်း တစ်ခုထက်ပိုသည့် သင်တန်းများကို တစ်ပြိုင်တည်း ဖွင့်လှစ်လိုပါက ယင်းသင်တန်းကျောင်းတွင် စာသင်ခန်းများ သီးခြားရှိရမည့်အပြင် သင်တန်းပို့ချမည့် ဆရာ/ဆရာမများ လုံလောက်စွာ ရှိရမည်။

## သင်တန်းကျောင်းအုပ်ကြီးနှင့် ဆရာ/ဆရာမများ

၉။ သင်တန်းကျောင်းအုပ်ကြီးနှင့် ဆရာ/ဆရာမတိုင်းသည် အာမခံကိုယ်စားလှယ် သင်တန်းကျောင်း ကြီးကြပ်ရေးအဖွဲ့တွင် မှတ်ပုံတင်ထားရမည်။

၁၀။ အာမခံကိုယ်စားလှယ် သင်တန်းကျောင်းတွင် အသက်အာမခံနှင့် အထွေထွေအာမခံ သင်တန်း တစ်ခုစီအတွက် အရည်အသွေးပြည့်မီပြီး အချိန်ပြည့် တာဝန်ထမ်းဆောင်နိုင်သော အမြဲတမ်းခန့် ကျောင်းအုပ်ကြီးတစ်ဦး၊ လက်ထောက်ကျောင်းအုပ်ကြီးတစ်ဦးနှင့် သင်တန်းဆရာ၊ ဆရာမများ ခန့်ထားရမည်ဖြစ်ပြီး ၎င်းတို့တွင် အောက်ပါအရည်အချင်းများအနက် တစ်ခုခုရှိရမည်-

- (က) အာမခံနယ်ပယ်၏ စီမံခန့်ခွဲမှုအဆင့်တွင် အတွေ့အကြုံ (၅) နှစ်၊ သို့မဟုတ်
- (ခ) အာမခံကိုယ်စားလှယ်သင်တန်းကျောင်း ကြီးကြပ်ရေးအဖွဲ့မှ အသိအမှတ်ပြုထားသည့် ဒီပလိုမာ/ အာမခံသင်တန်း ကျောင်းတစ်ခု၏ အနည်းဆုံး Associate Level နှင့် ညီမျှသော အရည်အချင်း၊ သို့မဟုတ်

(ဂ) အာမခံကိုယ်စားလှယ်သင်တန်းကျောင်းများ ကြီးကြပ်ရေးအဖွဲ့မှ အသိအမှတ်ပြုထားသည့် တက္ကသိုလ်တစ်ခုခု၌ ပို့ချသော အာမခံဘာသာရပ်တွင် မဟာဘွဲ့ သို့မဟုတ် ဘွဲ့လွန်ဒီပလိုမာ သို့မဟုတ် အသိအမှတ်ပြုလက်မှတ်၊

၁၁။ အာမခံကိုယ်စားလှယ် သင်တန်းကျောင်း သို့မဟုတ် ကုမ္ပဏီများ၏ ဌာနတွင်း အာမခံကိုယ်စားလှယ်လေ့ကျင့်ရေးစင်တာ၏ စီမံခန့်ခွဲရေးအဖွဲ့သည် ထိရောက်သော သင်တန်းများပေးနိုင်ရေးအတွက် ဘာသာရပ် အလိုက် အရည်အချင်းပြည့်ဝပြီး အမြဲတမ်း သို့မဟုတ် အချိန်ပိုင်း/ဧည့်သင်တန်းဆရာ၊ ဆရာမများ အလုံအလောက် ရရှိရေးဆောင်ရွက်ရန် တာဝန်ရှိသည်။

၁၂။ အာမခံကိုယ်စားလှယ် သင်တန်းကျောင်းများကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အာမခံကိုယ်စားလှယ်သင်တန်းကျောင်း သို့မဟုတ် ဌာနတွင်း အာမခံကိုယ်စားလှယ် လေ့ကျင့်ရေးစင်တာတွင် ၁၅ နာရီကြာ သင်တန်းဆရာ/ဆရာမများအား လေ့ကျင့်သင်ကြားမှုသင်တန်း (Train the Trainers Course) ကို ၃ လ လျှင်တစ်ကြိမ် မဖြစ်မနေ ဆောင်ရွက်ရမည်။

၁၃။ အာမခံကိုယ်စားလှယ် သင်တန်းကျောင်း (သို့မဟုတ်) ဌာနတွင်း အာမခံကိုယ်စားလှယ် လေ့ကျင့်ရေးစင်တာသည် မိမိသင်တန်းတွင် ခန့်အပ်ထားသော ဆရာ၊ ဆရာမများ၏ အရည်အချင်းပြည့်ဝမှုကို အထောက်အထား စာရွက်စာတမ်းများဖြင့် စစ်ဆေးခံရန် တာဝန်ရှိသည်။

၁၄။ သင်တန်းဆရာ/ဆရာမများ၏ သင်တန်းလာရောက်ပို့ချမှု မှတ်တမ်းကို အာမခံကိုယ်စားလှယ် သင်တန်းကျောင်း (သို့မဟုတ်) ဌာနတွင်း အာမခံကိုယ်စားလှယ် လေ့ကျင့်ရေးစင်တာများတွင် ထိန်းသိမ်းထားရမည့်အပြင် သင်တန်းလာရောက်ပို့ချသည့် အသေးစိတ်အချက်အလက်များကို အာမခံကိုယ်စားလှယ်သင်တန်းကျောင်းများ ကြီးကြပ်ရေးအဖွဲ့သို့ လစဉ်ပေးပို့ရမည်။ ဆရာ၊ ဆရာမများ အပြောင်းအလဲ တစ်စုံတစ်ရာရှိပါက အာမခံကိုယ်စားလှယ်သင်တန်းကျောင်းများ ကြီးကြပ်ရေးအဖွဲ့သို့ တစ်လအတွင်း တင်ပြရမည်။

**အာမခံကိုယ်စားလှယ် သင်တန်းကျောင်းများ ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

၁၅။ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့သည် အာမခံကိုယ်စားလှယ် သင်တန်းကျောင်းများ ကြီးကြပ်ရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းပေးရမည် -

(က) ညွှန်ကြားရေးမှူးချုပ် — ဥက္ကဋ္ဌ
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

(ခ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်
စာရင်းအင်းပညာဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်

(ဂ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်
မြန်မာနိုင်ငံအာမခံအသင်း

(ဃ) ဌာနမှူး၊ အာမခံလုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာနခွဲ အတွင်းရေးမှူး
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

၁၆။ အာမခံကိုယ်စားလှယ် သင်တန်းကျောင်းများ ကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အာမခံကိုယ်စားလှယ် သင်တန်းကျောင်း၊ သင်တန်းဆရာများနှင့် ပတ်သက်၍ မူဝါဒ ချမှတ်ခြင်း၊

(ခ) အာမခံကိုယ်စားလှယ် သင်တန်းကျောင်း၏ ကျောင်းအုပ်ကြီးများ၊ သင်တန်းဆရာ များအား ချမှတ်ထားသော မူဝါဒများနှင့်အညီ ကြီးကြပ်ကွပ်ကဲခြင်း၊

(ဂ) အာမခံကိုယ်စားလှယ် သင်တန်းကျောင်းတွင် သင်ကြားမည့် သင်ခန်းစာများကို စိစစ် ခွင့်ပြုခြင်း၊

(ဃ) အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ အာမခံကိုယ်စားလှယ် သင်တန်း တည်ထောင်ဖွင့်လှစ်ခွင့်ပြုခြင်း၊ တည်ထောင် ဖွင့်လှစ် ခွင့်ပြုရန် ငြင်းပယ် ခြင်း သို့မဟုတ် သင်တန်းကျောင်း မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်း၊

(င) အာမခံကိုယ်စားလှယ်သင်တန်းကျောင်းမှကောက်ခံရမည့် မှတ်ပုံတင်ကြေး၊ သင်တန်း ကြေး၊ စာရွက်စာတမ်းကြေးတို့ကို အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့၏ သဘော တူညီချက်ဖြင့်သတ်မှတ်ခြင်း၊

(စ) အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့က အခါအားလျော်စွာပေးအပ်သော လုပ်ငန်းတာဝန် များကို ထမ်းဆောင်ခြင်း။

## ကြီးကြပ်ကွပ်ကဲခြင်း

၁၇။ အာမခံကိုယ်စားလှယ်သင်တန်းကျောင်းများ ကြီးကြပ်ရေးအဖွဲ့သည် အာမခံကိုယ်စားလှယ် သင်တန်းကျောင်းများတွင် လေ့ကျင့်သင်ကြားမှုများကို ပုံမှန်စစ်ဆေးရမည်။ အာမခံကုမ္ပဏီများက

မိမိတို့၏ အာမခံကိုယ်စားလှယ် လေ့ကျင့်ရေးစင်တာများကို ပုံမှန်စစ်ဆေးခြင်းပြုလုပ်ရမည့်အပြင် ကြီးကြပ်ရေးအဖွဲ့၏ စစ်ဆေးခြင်းကိုလည်း ခံယူရမည်။

၁၈။ ကြီးကြပ်ကွပ်ကဲမှု ချောမွေ့စေရန်နှင့် ချက်ချင်းလိုက်နာဆောင်ရွက်နိုင်စေရန်အတွက် အာမခံကိုယ်စားလှယ် သင်တန်းကျောင်းများနှင့် အာမခံကုမ္ပဏီများတို့သည် ဆက်သွယ်ဆောင်ရွက်မည့် စီမံခန့်ခွဲမှု အရာထမ်းတစ်ဦး၏အမည်စာရင်းကို အာမခံကိုယ်စားလှယ် သင်တန်းကျောင်းများ ကြီးကြပ်ရေးအဖွဲ့ထံ တင်ပြရမည်။

**လေ့ကျင့်သင်ကြားမှု ကာလနှင့် ကျွမ်းကျင်မှု စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး သင်တန်း (Continuous Professional Development –CPD)**

၁၉။ အာမခံကိုယ်စားလှယ်သင်တန်းကျောင်းသည် အာမခံကိုယ်စားလှယ် သင်တန်းကျောင်းများ ကြီးကြပ်ရေးအဖွဲ့၏ စိစစ်ခွင့်ပြုထားသော သင်ကြားရေးဆိုင်ရာ ပြဋ္ဌာန်းချက်များအပေါ် အခြေခံရမည်။ အာမခံကိုယ်စားလှယ် သင်တန်းကျောင်းများ ကြီးကြပ်ရေးအဖွဲ့သည် ယင်းပြဋ္ဌာန်းစာအုပ်များကို အခါအားလျော်စွာ ပြင်ဆင်ဖြည့်စွက်ရမည်။

၂၀။ အသက်အာမခံကိုယ်စားလှယ်နှင့် အထွေထွေအာမခံကိုယ်စားလှယ်အဖြစ် လိုင်စင်အသစ်လျှောက်ထားနိုင်ရေးအတွက် လေ့ကျင့်သင်ကြားမှုကာလသည် အာမခံလုပ်ငန်းတစ်ခုခြင်းစီအတွက် (၃၅) နာရီစီ ရှိရမည်။ လေ့ကျင့်သင်ကြားမှုကာလမှာ–

(က) အချိန်ပြည့်သင်တန်းများအတွက် တစ်ရက်လျှင် ၇ နာရီဖြင့် အနည်းဆုံး သင်ကြားရက် ၅ ရက်၊

(ခ) အချိန်ပိုင်းသင်တန်းများအတွက် တစ်ရက်လျှင် ၃ နာရီ ၃၀ မိနစ်ဖြင့် အနည်းဆုံး သင်ကြားရက် ၁၀ ရက်။

၂၁။ အထွေထွေအာမခံ ကိုယ်စားလှယ်လိုင်စင် ထပ်မံရယူလိုသော အသက်အာမခံ ကိုယ်စားလှယ်လိုင်စင် ရရှိပြီးသူများနှင့် အသက်အာမခံကိုယ်စားလှယ်လိုင်စင် ထပ်မံရယူလိုသော အထွေထွေအာမခံကိုယ်စားလှယ်လိုင်စင် ရရှိပြီးသူများအတွက် လေ့ကျင့်သင်ကြားမှုကာလသည် ၁၅ နာရီစီ ရှိရမည်။ လေ့ကျင့်သင်ကြားမှုကာလမှာ–

(က) အချိန်ပြည့်သင်တန်းများအတွက် တစ်ရက်လျှင် ၆ နာရီဖြင့် အနည်းဆုံးသင်ကြားရက် ၂ ရက်ခွဲ၊

(ခ) အချိန်ပိုင်းသင်တန်းများအတွက် တစ်ရက်လျှင် ၃ နာရီဖြင့် အနည်းဆုံးသင်ကြားရက် ၅ ရက်။

၂၂။ အာမခံကိုယ်စားလှယ် အရည်အချင်းစစ်ဆေးသည့် စင်တာက ပြုလုပ်ကျင်းပသော အာမခံကိုယ်စားလှယ် အရည်အချင်းစစ် စာမေးပွဲအား ဖြေဆိုရန် အရည်အချင်းပြည့်မီသည့် ကိုယ်စားလှယ်လောင်းများသည် အပိုဒ် ၂၀ နှင့် ၂၁ ပါ လေ့ကျင့်သင်ကြားမှုကာလ သတ်မှတ်ချက်ကို ပြည့်မီအောင် တက်ရောက်ရမည်။

၂၃။ အာမခံအမျိုးအစားများနှင့် သက်ဆိုင်သည့် လေ့ကျင့်သင်ကြားခြင်းနှင့် အာမခံကုမ္ပဏီများ၏ ဈေးကွက်ရှာဖွေခြင်းအတွက် လေ့ကျင့်သင်ကြားခြင်းများသည် အပိုဒ် ၂၀ နှင့် ၂၁ ပါ လေ့ကျင့်သင်ကြားမှုတွင် ပါဝင်ခြင်းမရှိစေရ။

၂၄။ အာမခံကုမ္ပဏီမှ ဆောင်ရွက်သည့် အာမခံအမျိုးအစားနှင့် ဈေးကွက်ရှာဖွေခြင်းဆိုင်ရာ လေ့ကျင့်သင်ကြားမှုကို သီးခြားစီ ဆောင်ရွက်ရမည်ဖြစ်ပြီး အနည်းဆုံး သင်တန်းချိန်ကာလ သတ်မှတ်ချက် အနည်းအများကို အပိုဒ် ၂၀ (က) နှင့်(ခ) ရှိ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာရမည်။

၂၅။ အာမခံကိုယ်စားလှယ်သင်တန်းကျောင်းသည် အထက်ပါ အပိုဒ် ၂၀ နှင့် ၂၁ တွင် ဖော်ပြထားသည့် သင်တန်းချိန် လိုအပ်ချက်အတိုင်း ပြည့်မီသော သင်တန်းသားတစ်ဦးစီကို သင်တန်းပြီးမြောက်ကြောင်းလက်မှတ် ထုတ်ပေးရမည်။

၂၆။ အာမခံကိုယ်စားလှယ်လိုင်စင် သက်တမ်းတိုးလိုပါက အာမခံကိုယ်စားလှယ်များသည် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနက ပြဋ္ဌာန်းသတ်မှတ်ထားသော ကျွမ်းကျင်မှု စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးသင်တန်း (CPD hours) ကို (၁၅) နာရီ ပြည့်မီအောင် တက်ရောက်ရမည်။

၂၇။ မြန်မာနိုင်ငံအာမခံအသင်းသည် အသက်အာမခံ နှင့် အထွေထွေအာမခံ တစ်ခုစီအတွက် ကျွမ်းကျင်မှု စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးသင်တန်း၏ လိုအပ်ချက်များကို သတ်မှတ်ရမည်။

၂၈။ အာမခံကုမ္ပဏီများသည် ၎င်းတို့က ခန့်အပ်ထားသည့် အာမခံကိုယ်စားလှယ်များကို အသက်အာမခံနှင့် အထွေထွေအာမခံအလိုက် ကျွမ်းကျင်မှု စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးသင်တန်း၏ လိုအပ်ချက်များကို ပြည့်မီရန်အတွက် လိုအပ်ချက်များ ပံ့ပိုးပေးရန် တာဝန်ရှိသည့်အပြင် တစ်ဦးချင်း အာမခံကိုယ်စားလှယ်များကလည်း လိုက်နာဆောင်ရွက်စေရေး စီစဉ်ထားရှိရမည်။

၂၉။ မည်သည့် အာမခံကုမ္ပဏီတွင်မှ လုပ်ကိုင်ခြင်းမရှိသည့် တစ်ဦးချင်း အာမခံကိုယ်စားလှယ်များသည် မြန်မာနိုင်ငံအာမခံအသင်းမှ သီးခြားသတ်မှတ်ထားသော ကျွမ်းကျင်မှု စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များကို လိုက်နာရမည်။

## သင်တန်းတက်ရောက်ခြင်း

၃၀။ အာမခံကိုယ်စားလှယ် သင်တန်းကျောင်း သို့မဟုတ် ကုမ္ပဏီ၏ ဌာနတွင်းအာမခံကိုယ်စားလှယ် လေ့ကျင့်ရေးစင်တာသည် အာမခံကိုယ်စားလှယ်များ၏ သင်တန်းတက်ရောက်မှုမှတ်တမ်းကို ထိန်းသိမ်းရမည့်အပြင် သင်တန်းကျောင်းများကြီးကြပ်ရေးအဖွဲ့၏ စစ်ဆေးမှုခံယူနိုင်ရန် ဆောင်ရွက်ထားရမည်။

၃၁။ အာမခံကိုယ်စားလှယ်သင်တန်းသားသည်သင်တန်းတက်ရောက်မှုမှတ်တမ်းတွင် ကိုယ်တိုင်လက်မှတ်ရေးထိုးရမည်။

၃၂။ အာမခံကိုယ်စားလှယ်သင်တန်းကျောင်း သို့မဟုတ် ကုမ္ပဏီများ၏ ဌာနတွင်း အာမခံကိုယ်စားလှယ် လေ့ကျင့်ရေးစင်တာ၏ သင်တန်းမှူးသည် သင်တန်းပျက်ကွက်မှုအတွက် မင်နီဖြင့်မှတ်သားရမည်။

၃၃။ သင်တန်းတက်ရောက်မှုမှတ်တမ်းကို အာမခံကိုယ်စားလှယ်သင်တန်းကျောင်း သို့မဟုတ် ကုမ္ပဏီများ၏ ဌာနတွင်း အာမခံကိုယ်စားလှယ် လေ့ကျင့်ရေးစင်တာ၏ ဆရာ/ဆရာမ သို့မဟုတ် သင်တန်းမှူးက စစ်ဆေးပြီး ထပ်ဆင့်လက်မှတ်ရေးထိုးရမည်။

၃၄။ သင်တန်းပို့ချသည့် ဆရာ/ဆရာမများသည် သင်တန်းပို့ချမှု မှတ်တမ်းတွင် မိမိကိုယ်တိုင်လက်မှတ်ရေးထိုး မှတ်တမ်းတင်ရမည်။

## သင်တန်းအပတ်စဉ်အလိုက် သင်တန်းသားအရေအတွက်

၃၅။ သင်တန်းအပတ်စဉ် တစ်ခုတွင် အများဆုံး ခွင့်ပြုထားသည့် သင်တန်းသားအရေအတွက်မှာ (၅၀) ဦး ဖြစ်သည်။ သင်တန်းအပတ်စဉ် တစ်ခုအတွက် သင်တန်း အရွယ်အစားနှင့် သင်ထောက်ကူပစ္စည်းများသည် သင့်တော်မှုရှိသည်ဟု အာမခံကိုယ်စားလှယ် သင်တန်းကျောင်းများကြီးကြပ်ရေးအဖွဲ့က ခွင့်ပြုနိုင်ပါက သင်တန်းသားအရေအတွက်ကို အများဆုံး (၆၀) ဦးအထိ တိုးမြှင့်သင်ကြားနိုင်သည်။

တားမြစ်ချက်များ

၃၆။ မည်သူမျှ အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ-

(က) အာမခံကိုယ်စားလှယ် သင်တန်းကျောင်း (သို့မဟုတ်) ဌာနတွင်း အာမခံ ကိုယ်စားလှယ် လေ့ကျင့်ရေးစင်တာ ဖွင့်လှစ်ခြင်း တည်ထောင်ခြင်း မပြုရ။

(ခ) အာမခံကိုယ်စားလှယ်သင်တန်းကျောင်း ဆရာ/ဆရာမ မှတ်ပုံတင်လက်မှတ်မရှိဘဲ သင်တန်း ဆရာ/ဆရာမအဖြစ် ဆောင်ရွက်ခြင်းမပြုရ။

(ဂ) အာမခံကိုယ်စားလှယ်သင်တန်းကျောင်း (သို့မဟုတ်) ဌာနတွင်း အာမခံ ကိုယ်စားလှယ် လေ့ကျင့်ရေးစင်တာတွင် သင်ကြားပို့ချသည့် ဘာသာရပ်များနှင့် သက်ဆိုင်ခြင်း မရှိသော နိုင်ငံရေး သို့မဟုတ် ဘာသာရေးနှင့် ဆက်နွယ်နေသည့် ကိစ္စရပ်များ ပြောဆိုခြင်း သို့မဟုတ် သင်ကြားပို့ချခြင်းမပြုရ။

(ဃ) မည်သူမျှ အောက်ပါတို့ကို မပြုလုပ်ရ-

(၁) အာမခံကိုယ်စားလှယ် သင်တန်းကျောင်း တည်ထောင်ရန် လျှောက်လွှာတွင် အချက်အလက်များအား မှားယွင်းဖော်ပြခြင်း၊

(၂) အာမခံကိုယ်စားလှယ် သင်တန်းကျောင်း၏ မှတ်ပုံတင်လက်မှတ်တွင် ပါဝင်သည့် အချက်အလက်ကို ပြင်ဆင်ခြင်းနှင့် ပြောင်းလဲခြင်း၊

(၃) အာမခံကိုယ်စားလှယ်သင်တန်းကျောင်းနှင့် ပတ်သက်၍ မှားယွင်းစွာ ကြော်ငြာခြင်း၊

(၄) အာမခံကိုယ်စားလှယ် သင်တန်းကျောင်း မှတ်ပုံတင်လက်မှတ်ကို အခြားသူ တစ်ဦးထံသို့ လွှဲပြောင်းခြင်း သို့မဟုတ် အသုံးပြုခွင့်ပေးခြင်း။

(င) အာမခံကိုယ်စားလှယ်သင်တန်းကျောင်းသို့မဟုတ် ဌာနတွင်း အာမခံကိုယ်စားလှယ် လေ့ကျင့်ရေးစင်တာသည် အာမခံကိုယ်စားလှယ်သင်တန်းကျောင်းများ ကြီးကြပ်ရေး အဖွဲ့ ခွင့်ပြုချက်မရှိဘဲ သင်တန်းကျောင်းခွဲများ ဖွင့်လှစ်ခြင်း မပြုရ။

၃၇။ အာမခံကိုယ်စားလှယ်သင်တန်းကျောင်းသည် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့မှ သတ်မှတ်ထားသော မှတ်ပုံတင်ကြေး၊သင်တန်းကြေး၊ စာရွက်စာတမ်းကြေးတို့ထက်ပို၍ ကောက်ခံခြင်းမပြုရ။

၃၈။ အာမခံကိုယ်စားလှယ် သင်တန်းကျောင်း ဖွင့်လှစ်ခွင့်ရရှိပြီး တစ်နှစ်ကြာသည်အထိ လုပ်ငန်း ဆောင်ရွက်ခြင်းမပြုပါက သင်တန်းမှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်မည်။

အရေးယူခြင်း

၃၉။ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့သည် အပိုဒ် ၃၆၊ ၃၇ နှင့် ၃၈ ပါ မည်သည့်တားမြစ်ချက်များကိုမဆို လိုက်နာရန် ပျက်ကွက်သည့် အာမခံကိုယ်စားလှယ် သင်တန်းကျောင်း (သို့မဟုတ်) ဌာနတွင်း အာမခံကိုယ်စားလှယ် လေ့ကျင့်ရေးစင်တာ သို့မဟုတ် သင်တန်း ဆရာ/ ဆရာမများအတွက် ခွင့်ပြုထားသည့်လက်မှတ် သို့မဟုတ် မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက် ရမည်။

၄၀။ အာမခံကိုယ်စားလှယ်သင်တန်းကျောင်းများ ကြီးကြပ်ရေးအဖွဲ့သည် အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) အာမခံကိုယ်စားလှယ် သင်တန်းကျောင်း၊ ကျောင်းအုပ်နှင့် သင်တန်းဆရာ မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်း မပြုမီ ပယ်ဖျက်ခံရမည့် အကြောင်းကို ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ သင်တန်းကျောင်း၊ ကျောင်းအုပ်ကြီးနှင့် သင်တန်းဆရာထံသို့ သတိပေးစာပေးပို့ရမည်။

(ခ) အထက်အပိုဒ်ခွဲ (က) ပါ သတိပေးစာရရှိပြီးနောက် ပယ်ဖျက်ခြင်းခံရမှု မရှိစေရေး ကျိုးကြောင်းခိုင်လုံစွာ ပြန်လည်တင်ပြနိုင်ပါက သင်တန်းကျောင်း၊ ကျောင်းအုပ်ကြီးနှင့် သင်တန်းဆရာ /မှတ်ပုံတင်လက်မှတ် ပယ်ဖျက်ရန် အကြောင်းကြားထားမှုအား ရုပ်သိမ်းနိုင်သည်။

၄၁။ အာမခံကိုယ်စားလှယ် သင်တန်းကျောင်းနှင့် သင်တန်းဆရာ မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်းနှင့်ပတ်သက်၍ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

(မောင်မောင်ဝင်း)

ဥက္ကဋ္ဌ

စာအမှတ်၊ FRD / IBRB ( ၂၉၁ /၂၀၂၀)

ရက်စွဲ ၊ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ ၅ ရက်

ဖြန့်ဝေခြင်း

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

မြန်မာ့အာမခံလုပ်ငန်း

စာရင်းအင်းပညာဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်
အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဝင် (အားလုံး)
အာမခံကုမ္ပဏီ (အားလုံး)
မြန်မာနိုင်ငံအာမခံအသင်း
မြန်မာနိုင်ငံဘဏ်များအသင်း
မြန်မာ့အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများကူညီမှုအသင်း

အမိန့်အရ

၅/၁၀/၂၀၂၀

(ဇော်နိုင်)

အတွင်းရေးမှူး

နောက်ဆက်တွဲ (က)

## အာမခံကိုယ်စားလှယ် သင်တန်းကျောင်း တည်ထောင်ခွင့်လျှောက်လွှာ

၁။ သင်တန်းကျောင်းအမည် ..................................................................................

၂။ တည်ထောင်သည့်ရက် ..................................................................................

၃။ သင်တန်းကျောင်း၏လိပ်စာ ..................................................................................

၄။ ကုမ္ပဏီမှတ်ပုံတင်ခြင်းဆိုင်ရာအချက်အလက်များ ..................................................

..................................................................................................................

(ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့် အခြားသော အသိအမှတ်ပြုစာရွက်စာတမ်းများနှင့်အတူ တစ်ပါတည်း တင်ပြလျှောက်ထားပါသည်။ )

၅။ သင်တန်းကျောင်းအုပ်ချုပ်ရေးမှူး၏ ကိုယ်ရေးအချက်အလက်များ

အမည်နှင့်ရာထူး ..................................................................................

ပညာအရည်အချင်း ..................................................................................

အတွေ့အကြုံ ..................................................................................

ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ ..................................................................

၆။ သင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် လက်ထောက်ကျောင်းအုပ်ကြီးတို့၏ ကိုယ်ရေး အချက်အလက်

အမည်နှင့်ရာထူး ..................................................................................

ပညာအရည်အချင်း ..................................................................................

အတွေ့အကြုံ ..................................................................................

ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ ..................................................................

၇။ သင်တန်းဆရာများ၏ကိုယ်ရေးအချက်အလက်များ

.......................................................................................................................................................

.......................................................................................................................................................

၈။ သင်တန်းကျောင်းအဆောက်အဦနှင့်ဆိုင်သော အချက်အလက်

လိပ်စာအပြည့်အစုံ .......................................................................................................

.......................................................................................................................................................

အဆောက်အဦ၏အသေးစိတ်အချက်အလက်များ ..............................................................

.......................................................................................................................................................

၉။ သင်တန်းဆရာ အပါအဝင် သင်တန်းအထောက်အကူပြု အချက်အလက်များ

သင်တန်းဆရာ အပါအဝင် သင်တန်းအထောက်အကူပြုမည့်အရေအတွက်

.......................................................................................................................................................

သင်တန်းဆရာအပါအဝင် သင်တန်းအထောက်အကူပြုမည့် အရည်အသွေး

.......................................................................................................................................................

(သင်တန်းဆရာ အပါအဝင် သင်တန်းနှင့်သက်ဆိုင်သည့် အထောက်အထား အခြားသော အချက်အလက်များကို သီးခြားစာရွက်ဖြင့် တင်ပြပါသည်။ )

၁၀။ သင်တန်းစီမံချက်ဆိုင်ရာ အချက်အလက်

တစ်နှစ်အတွင်းဖွင့်လှစ်ရန်လျာထားသည့်သင်တန်းအစီအစဉ်အရေအတွက်

.......................................................................................................................................................

တစ်နှစ်အတွင်းမွေးထုတ်ရန်လျာထားသည့်သင်တန်းသားအရေအတွက်

.......................................................................................................................................................

၁၁။ သင်ကြားမှုအထောက်အကူပြုပစ္စည်းများ၏ အချက်အလက်များ

.......................................................................................................................................................

.......................................................................................................................................................

လျှောက်ထားသူလက်မှတ် ..........................................................

လျှောက်ထားသူအမည် ...........................................................

ရာထူး ..........................................................

နောက်ဆက်တွဲ (ခ)

## အာမခံကိုယ်စားလှယ်သင်တန်းကျောင်း သက်တမ်းတိုးလျှောက်လွှာ

၁။ သင်တန်းကျောင်းအမည် ..........................................................................................

၂။ ယခင်ရရှိထားသည့်ခွင့်ပြုချက်အမှတ် ..........................................................................

၃။ ယခင်ရရှိထားသည့်ခွင့်ပြုချက်သက်တမ်းကုန်ဆုံးရက် ......................................................

၄။ သင်တန်းကျောင်းလိပ်စာ ..........................................................................................

..............................................................................................................................

၅။ ကုမ္ပဏီမှတ်ပုံတင်ခြင်းဆိုင်ရာအချက်အလက်များ ..........................................................

..............................................................................................................................

(ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့် အခြားသော အသိအမှတ်ပြုစာရွက်စာတမ်းများ နှင့်အတူ တစ်ပါတည်း တင်ပြလျှောက်ထားပါသည်။ )

၆။ သင်တန်းကျောင်း အုပ်ချုပ်ရေးမှူး၏ ကိုယ်ရေးအချက်အလက်

အမည်နှင့်ရာထူး ..........................................................................................

ပညာအရည်အချင်း ..........................................................................................

အတွေ့အကြုံ ..........................................................................................

ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ ..........................................................................

၇။ သင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် လက်ထောက်ကျောင်းအုပ်ကြီးတို့၏ ကိုယ်ရေး အချက်အလက်

အမည်နှင့်ရာထူး ..........................................................................................

ပညာအရည်အချင်း ..........................................................................................

အတွေ့အကြုံ ..........................................................................................

ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ ........................................................................................

..........................................................................................................................

..........................................................................................................................

၈။ သင်တန်းဆရာများ၏ ကိုယ်ရေးအချက်အလက်များ

..........................................................................................................................

..........................................................................................................................

၉။ သင်တန်းကျောင်းအဆောက်အဦနှင့်ဆိုင်သော အချက်အလက်

လိပ်စာအပြည့်အစုံ ........................................................................................................

အဆောက်အဦ၏အသေးစိတ်အချက်အလက် ........................................................................

၁၀။ သင်တန်းဆရာ အပါအဝင် သင်တန်းအထောက်အကူပြု အချက်အလက်များ

သင်တန်းဆရာအပါအဝင် သင်တန်းအထောက်အကူပြုမည့် အရေအတွက်

..........................................................................................................................

သင်တန်းဆရာအပါအဝင် သင်တန်းအထောက်အကူပြုမည့် အရည်အသွေး

..........................................................................................................................

(သင်တန်းဆရာ အပါအဝင် သင်တန်းနှင့်သက်ဆိုင်သည့် အထောက်အထား အခြားသော အချက်အလက်များ ဖြည့်စွက်နိုင်ရန် သီးခြားစာရွက်ဖြင့် တင်ပြပါသည်။ )

၁၁။ သင်တန်းစီမံချက်နှင့်သက်ဆိုင်သည့်အချက်အလက်

ယခင်အတည်ပြုချက်ရရှိထားသည့် ကာလအတွင်း ဖွင့်လှစ်ခဲ့သည့် သင်တန်းအစီအစဉ် အရေအတွက် ..........................................................................................................

ယခင်အတည်ပြုချက်ရရှိထားသည့်ကာလအတွင်းသင်တန်းပြီးမြောက်ခဲ့သည့်သင်တန်းသား

အရေအတွက် ..........................................................................................

၁၂။ သင်ကြားမှုအထောက်အကူပြု ပစ္စည်းများ၏ အချက်အလက်များ

..........................................................................................................................................................

..........................................................................................................................................................

လျှောက်ထားသူလက်မှတ် ....................................................................................................

လျှောက်ထားသူအမည် ....................................................................................................

ရာထူး ....................................................................................................